# အုန်းပင်စုကျေးရွာ
# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အုန်းပင်စုကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)ေ
းရွာဖွံ့ဖြိုးရေးစီမံကိန်း
( ၂၀၂၄ခုနှစ်၊ဇူလိုင်လ-၂၀၂၇)

| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၆-၇ |
| အုန်းပင်စုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၈ |
| အုန်းပင်စုကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသ်ာတမြို့နယ် | | ၉ |
| အုန်းပင်စုကျေးရွာအဖွဲ့အစည်းပြပုံ၊ဟသ်ာတမြို့နယ် | | ၁၀ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | | |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၁၁ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၁-၁၂ |
| | ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၃ |
| (၂) | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၁၃ |
| | (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | ၁၃ |
| | ( ခ) သဘာဝအရင်းအမြစ်များ | ၁၃ |
| (၃) | ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၄ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | ( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု | ၁၄ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ | ၁၄ |
| | (ဃ) ကျန်းမာရေးနှင့်အာဟာရ | ၁၄ |
| | ( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၄-၁၅ |
| | ( စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၅ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၅ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၅ |
| | ( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၅ |
| | (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၅ |
| | (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၆ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၆ |
| | (စ) ပညာရေး၊ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၆-၁၇ |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၇ |

| | | |
|---|---|---|
| (၃) | အခြေခံအဆောက်အဦများလက်လှမ်းမီမှု– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၁၇ |
| (၅) | တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၁၇ |
| (၅) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ | ၁၈ |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ | ၁၈ |
| | (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ | ၁၉ |
| (၆) | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၁၉–၂၁ |
| (၇) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ | ၂၁–၂၂ |
| (၈) | ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ | ၂၂ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၂၂ |
| | ( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း | ၂၃ |
| | (ဂ) ဦးစားပေးစီမံချက်များ | ၂၃ |
| | (ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ | ၂၄–၂၆ |
| (၉) | ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၂၆–၂၇ |
| (၁၀) | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ | ၂၈ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ | ၂၈ |
| | ( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ | ၂၈ |
| | (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ | ၂၈–၂၉ |
| | (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ | ၂၉ |
| (၁၁) | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း | ၂၉–၃၀ |
| | (က)ကြီးကြပ်စစ်ဆေးခြင်း | ၃၀–၃၁ |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း | ၃၁ |
| | (ဂ) နည်းပညာဆိုင်ရာအကူအညီ | ၃၁ |

နောက်ဆက်တွဲ(၁) ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၃၂-၃၃
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၄
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၅
ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၃၅
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၆-၄၀
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၄၁
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၄၂
ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၄၂-၄၃
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၄၄
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၄၅
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၄၆
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ ၄၆-၄၈
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ၄၈-၅၀
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ ၅၁-၅၂
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၅၃-၅၄
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၅၅
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၅၆-၅၇
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း ၅၇
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု ၅၈
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ ၅၈-၅၉
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ ၆၀-၆၁
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၆၁-၆၂
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၆၂-၆၄
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ ၆၄-၆၆
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၆၆-၆၇
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ နှင့်အခက်အခဲများ ၆၇-၆၈

| | | |
|---|---|---|
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၉-၇၀ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၇၀ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၇၀ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၁ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၂-၇၃ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၇၄ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၇၄-၇၅ |
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၇၅-၇၆ |
| ဇယား ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၆-၇၇ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၇ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၇၈ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၈-၇၉ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၉-၈၀ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၈၀-၈၁ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၈၂ |
| ဇယား ၃၉ | ကျား/မရေးရာ | ၈၂-၈၃ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၄-၈၅ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၅-၈၆ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၈၆-၈၇ |
| ဇယား၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၈၇ |
| ဇယား၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၈၇-၈၈ |
| ဇယား၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၈၈ |
| ဇယား၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၈-၈၉ |
| ဇယား၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၈၉ |
| ဇယား၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၉၀ |
| ကိုးကားစာရင်း | | ၉၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် အုန်းပင်စုကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ ကျေးရွာသူ၊ ကျေးရွာသား အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်အကြောင်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရပါသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အများတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာအားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည် ။ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုအခြေအနေ ကာလပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပေမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အသင်းအစိုးရဌာနများ၏ အကြံပြုချက်များ၊ ပံ့ပိုးမှုများ ဆက်လက်ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ဇူလိုင်လ ၂၀၂၄ ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အုန်းပင်စုကျေးရွာ
ဟသ်ာတမြို့နယ်


ပြာသာကျေးရွာ၊ အုန်းပင်စုကျေးရွာ၊ ကွန်ကရိလမ်းခင်းခြင်း
N
W
E
S
မြို့ကွင်း
လေးမျက်နှာ
ရည်ညွှန်းချက်
လူနေအိမ်
ဆေးပေးခန်း
စာသင်ကျောင်း
ဘုန်းတော်ကြီးကျောင်း
ဆောင်ရွက်မည့်လမ်း
ရေကာတာ
မြေသားလမ်း
လှည်းလမ်း
လယ်မြေ

# အုန်းပင်စုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်မြေပုံ ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | စက်မောင်း | စပါးကျဲ | ဆေးဖျန်း | မြေဩဇာ | ဆေးဖျန်း | စပါးရိတ် | ပဲစိုက် | ဆေးဖျန်း | ဆေးဖျန်း | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | များ | များ | နည်း | များ | များ | များ | များ | များ | နည်း |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | များ | များ | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

# ဟသ်ာတမြို့နယ်၊ ပြာသာကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည်အစိုးရဌာနများ ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးဖြစ်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲမှု အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿ နာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အ တားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်း ချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြ ထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူ မှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း များ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင် မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရ အဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူ

ထု၏လိုအပ်ချက်၊၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကိုနှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင်တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ်၁၇ဒီဂရီ၁၅မိနစ် နှင့် ၁၇ဒီဂရီ၅၀မိနစ်ကြား ၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၁၀မိနစ် နှင့် ၉၅ဒီဂရီ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ(၃၇၈.၆၅) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့ နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ၊ အရှေ့တောင်ဘက်တွင်ဇလွန်မြို့နယ်၊ တောင်ဘက်တွင်ကျုံပျော်မြို့နှင့်ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ် တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ် သည် မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၂.၈ ˚C) ရှိပြီးအနိမ့်ဆုံးအပူချိန်မှာ (၂၇ ˚C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီးပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

အုန်းပင်စုကျေးရွာသည် ပထဝီဝင်အနေအထား အရမြေပြန့်ဒေသဖြစ်ပါသည်။ ပြာသာကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ဟသ်ာတမြို့နယ်နှင့်( ၂၅ )မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ငဝန်မြစ်ရှိပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ပြာသာရွာမကျေးရွာ၊ ပွဲဆိပ်ကျေးရွာ၊ ကရင်အင်းကျေးရွာ ၊ ကျားကိုက်ကုန်း ကျေးရွာနှင့် ဗမော်ကျေးရွာများဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

အုန်းပင်စုကျေးရွာတွင်ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များအနေဖြင့်တွေ့ရှိခြင်းမရှိပါ။ ဆေးဘက်ဝင်အပင်များ အနည်းငယ်ပေါက်ရောက်ပါသည်။ အုန်းပင်စုကျေးရွာတွင်လယ်မြေ(၁၇၅)ကေ နှင့် ကိုင်းမြေ(၉၈)ကေရှိပြီးမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အုန်းပင်စုကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေကေ(၂၇၃)ကေရှိပြီး စပါးနှင့်မတ်ပဲကိုအဓိကထားစိုက်ပျိုးပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အုန်းပင်စုကျေးရွာတွင် အိမ်ထောင်စု(၅၁)စုရှိပြီး လူဦးရေစုစုပေါင်း(၁၅၁)ဦးရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်အထိ) အလုပ်လုပ်နိုင်သောလူဦးရေမှာ ၆၇% ရှိပြီး ၁၅နှစ်အောက်လူဦးရေနှင့် ၆၄နှစ် အထက် လူဦးရေစုစုပေါင်း(၃၃%)သည် မှီခိုသူများ ဖြစ်ကြပါသည်။

### (ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့်အတန်း ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၃၃.၃၃%)မှာ မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု(၆၀.၈%)ရှိပါသည်။ အိမ်အနေအထားမှာလည်း သွပ်မိုး၊ပျဉ်ခင်း၊ ပျဉ်ထောင်ဖြစ်ပြီး လယ်ယာသုံးကိရိယာ ၊ နွားစသည်တို့ပိုင်ဆိုင်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်မပြေလည်သော အိမ်ထောင်စု (၁၈)စုရှိသည့် အနက်(၃)လအောက် ချေးငှားခြင်းမပြု ဘဲထမင်းပုံမှန်စားရသော အိမ်ထောင်စု(၄)စုနှင့် ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်စားသောက်နိုင်သော အိမ်ထောင်စု(၅)စုရှိပါသည်။ ၎င်းတို့သည် လုပ်အားခငွေကြိုယူခြင်း၊ ငွေတိုးချေးစားသူထံမှ ချေးယူခြင်း တို့အပြင်စားနပ်ရိက္ခာ ဖူလုံရန်ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်း အနှီးမဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး တိုက်နယ်ဆေးရုံမှာကျေးရွာနှင့် (၇)မိုင် ခန့်ဝေးပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ဟင်္သာတမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြ ပါသည်။ ကျေးရွာအတွင်းတွင် အဝီစိရေတွင်း(၅)တွင်း အဝီစိတွင်းစက်တပ်(၃၂)တွင်းရှိပြီး သောက်သုံးရေ အတွက် လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ရွာသူ/ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းပညာအား ကျေးရွာမှ (၃)မိုင်ခန့်ဝေးသောတူးမြောင်း ကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ယူ ရပါသည်။

ကျေးရွာရှိ လူဦးရေအများစုမှာ စပါး၊ မတ်ပဲ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းရှိသည်။ အိမ်ထောင်စုလည်း အနည်းငယ်ရှိပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အုန်းပင်စုကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသားဦးရေနှင့်အမျိုးသမီးဦးရေမှာ ညီမျှမှုရှိပါသည်။ အမျိုးသားတစ်ဦး၏ လုပ်အားခမှာ (၁၀၀၀၀)ကျပ်ခန့်နှင့် အမျိုးသမီးတစ်ဦး၏ လုပ်အားခမှာ (၈၀၀၀)ကျပ်ခန့်ဖြစ်ပြီး အချိန်အခါလိုက်၍ပြောင်းလဲမှုလည်းရှိနိုင်ပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်ခြင်း မရှိသော်လည်း ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေဆောင်ရွက်နေသောအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ကြပါသည်။ကျေးရွာတွင်အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများမရှိပါ။ လူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးရေးကိုရှေးရှုပြီး စည်းလုံးညီညာစွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖ လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကိုလည်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိလယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်မတ်ပဲဖြစ်ပါသည်။ စိုက်ခင်းအားလုံးသည် အခြေခံကြပက်သည့် စနစ်ကိုကျင့်သုံးကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမရှိဘဲ နွား၊ဝက်၊ကြက် တို့သာ အနည်းငယ်မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ် နှင့်ဝန်ထမ်းများအဖြစ်လုပ်ကိုင်ကြပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင်စပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာများ သုံးစွဲသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုကြပါသည်။ စွန့်ပစ်ပစ္စည်းများတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများ ကို စနစ်တကျမစွန့်ပစ်သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာသည်မုန်တိုင်းဘေးအန္တရာယ်နည်းပါးပါသည်။။အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာတစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ဘေးကင်းလုံခြုံရေးအတွက်ကြိုတင်စီမံခြင်းမရှိပါ။ဒေသ လုံခြုံ ရေးအား ကျေးရွာအုပ်ချုပ်ရေးမှူးရပ်မိရပ်ဖ နှင့် ကျေးရွာလူငယ်များမှ တာဝန်ယူဆောင်ရွက်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အစိုးရမှကျေးရွာအတွက် ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ စပါး၊ပဲစိုက် တောင်သူများအတွက် (၁)ဧကလျှင် (၁၀၀၀၀၀ မှ ၁၅၀၀၀၀) ကျပ်ကိုလယ်ယာမြေမှတ်ပုံတင်အား အပေါင်အဖြစ်ယူပြီးထုတ်ချေးပါသည်။ ထုတ်ချေးသည့်ကာလမှာ (၇)လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

သမဝါယမ မှငွေထုတ်ချေးသည့်အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀)ကျပ်စုရသည်။ လယ်သမားများအတွက်သာထုတ်ချေးပေးပါသည်။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်(၁၀၀၀၀၀)ကျပ်ထုတ်ချေးနိုင်ပါသည်။

မဟာဩဘာ၊ဟေမာန် ငွေကြေးဝန်ဆောင်မှုအဖွဲ့များနေဖြင့် ကျေးရွာတွင်အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးချေးငွေနှင့်ကျပန်းများအားချေးသည့် ရိုးရိုးချေးငွေဟူ၍ (၂)မျိုးရှိပါသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၁၅၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၅၀၀၀၀)ကျပ်ဖြစ်သည်။

### (စ)ပညာရေး၊ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အုန်းပင်စုကျေးရွာ၌ အခြေခံပညာမူလတန်းလွန်ကျောင်းရှိပြီး ကျောင်းသား/ကျောင်းသူ(၅၃)ဦးခန့် ပညာသင်ကြားပေးနေပါသည်။ အဆိုပါကျောင်းဆောင်မှာ တစ်ထပ်အုပ်ကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးသင့်တင့်ကောင်းမွန်ပါသည်။ ကျောင်းအုပ်ဆရာကြီး(၁)ဦး၊ လက်ထောက် ဆရာ/ဆရာမ(၅)ဦး

စုစုပေါင်း(၆)ဦးရှိပါသည်။ သောက်သုံးရေကိုကျောင်းဝင်းအတွင်းရှိ အဝီစိတွင်းမှ ထုတ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲအိမ်သာများရှိသဖြင့် ကျောင်းသား/ကျောင်းသူများအတွက် အဆင်ပြေလုံအောက်မှုရှိပါသည်။

အုန်းပင်စုကျေးရွာရှိ အလယ်တန်းဆင့်နှင့်အထက်တန်းဆင့်ရှိ ကျောင်းသား/ကျောင်းသူများသည် (၃)မိုင်ခန့်ဝေးသော တူးမြောင်းအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/ကျောင်းသူများအား တိုက်တွန်းအားပေး၍ စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ပေးရန်မှာ အရေးပါလှပါသည်။

ကျန်းမာရေးအတွက် ကျေးရွာအတွင်း၌ ကျေးလက်ဆေးပေးခန်းရှိ၍ ဓမ္မိတိုက်နယ်ဆေးရုံနှင့် ဟင်္သာတမြို့နယ်ဆေးရုံတို့တွင်လည်း သွားရောက်ကုသနိုင်ပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သောဆေးဝါးများကိုကျေးလက်ဆေးပေးခန်းတွင်ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်မူ ဟင်္သာတမြို့ပေါ်ရှိပြည်သူဆေးရုံသို့ သွားရောက်ပြသကြရပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ ကာကွယ်ဆေးထိုးနှံပေးမှုကြောင့် ကလေးနှင့်ကိုယ်ဝန်ဆောင်မိခင်တွင်ဖြစ်တတ်သော ရောဂါများကင်းဝေးကြပါသည်။ သောက်သုံးရေအတွက် လက်နှိပ်တုံကင်နှင့် စက်တပ်အဝီစိရေတွင်းမှ ရေကိုအသုံးပြုကြပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၄၅)ခုရှိပြီး အိမ်တိုင်းနီးပါးအသုံးပြုကြပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များမှာကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများ လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

အုန်းပင်စုကျေးရွာသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုအသုံးပြုကြပါသည်။

ကျေးရွာတွင် မီးလင်းရေးအတွက် ဆိုလာမီးကို အသုံးပြုပြီး မဟာဓာတ်အားလိုင်းနှင့် (၁)မိုင်ခန့် ဝေး၍ ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနေပါသည်။ ကျန်အိမ်ထောင်စုများမှာ ဘက်ထရီမီး၊ ဖယောင်းတိုင်မီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာတွင် (MPT),(Ooredoo),(Telenor),(Mytel) ဖုန်းလိုင်းဆက်သွယ်ရေးကောင်းမွန်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

စည်းလုံးစွာနေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်၏ ဆုံးမမှု၊ လူကြီးသူမများ၏ ဆုံးမမှု၊ ကျေးရွာ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုကြောင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ပါသည်။ ကျေးရွာတွင်ခိုးမှုနှင့်အရက်သေစာသောက်စားမှုမှာသာမန်မျှသာ ဖြစ်ပြီး အခြားအမှု အခင်းဖြစ်ပွားမှုမရှိပါ။

## (၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

#### (၁) စိုက်ပျိုးရေး

အုန်းပင်စုကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့်လယ်ယာမြေများအားအသင့်အတင့် အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် အသင့်အတင့် လုံလောက်သော ချေးငွေရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့ ဝယ်ယူရရှိနိုင်ခြင်း၊ သဘာဝမြေဩဇာနှင့် အော်ဂဲနစ်သွင်းအားစုများရရှိနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး ဓာတ်မြေဩဇာ နှင့် အခြားဓာတုဗေဒသွင်းအားစုများဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန်ဈေးကွက်ရှိခြင်း စိုက်ပျိုးရေးသုံး စက်ပစ္စည်းကိရိယာများအားအသင့်အတင့် ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

#### (၂) မွေးမြူရေး

အုန်းပင်စုကျေးရွာအနေဖြင့်မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေအသင့်အတင့်ရရှိနိုင်ပြီးတိရိစ္ဆာန်မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသောတိရိစ္ဆာန်များအတွက် လိုအပ်သောသွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း မွေးမြူထားသော ထုတ်ကုန်များကိုရောင်းချရန် အတွက် ဈေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

#### (၃) ပညာရေး

အုန်းပင်စုကျေးရွာအနေဖြင့် အခြေအနေကောင်းများမှာကျေးရွာအတွင်းမူလတန်းလွန်ကျောင်းရှိခြင်း၊ အထက်တန်းကျောင်းမှာ ကျေးရွာနှင့် (၃)မိုင်ခန့်သာဝေး၍ နေ့ချင်းပြန်ကျောင်းတက်နိုင်ခြင်း တို့ဖြစ်ပါသည်။

#### (၄)ကျန်းမာရေး

အုန်းပင်စုကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်းရှိခြင်း၊ တိုက်နယ်ဆေးရုံနှင့်(၇)မိုင်ခန့်သာဝေးကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။

**(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(၁) စိုက်ပျိုးရေး**

အုန်းပင်စုကျေးရွာတွင် စပါးခင်းများ အချိန်မှီရိတ်သိမ်းနိုင်သော်လည်း လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများကြောင့် စပါးဈေးကောင်းရနိုင်ရန်အတွက် အဟန့်အတားဖြစ်စေပါသည်။

**(၂) မွေးမြူရေး**

အုန်းပင်စုကျေးရွာအနေဖြင့် အခက်အခဲမှာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် မြေနေရာမရှိခြင်း လုံလောက်သည့်ချေးငွေအရင်းအနှီးများမရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက်အခက်အခဲမှာ အထက်တန်းကျောင်းနှင့်(၃)မိုင်ခန့် ဝေးသော်လည်း မိုးရာသီ တွင်လမ်းမကောင်းသောကြောင့် ကျောင်းသား/ကျောင်းသူများ သွားလာရေးအတွက် အခက်အခဲ ဖြစ်စေပါသည်။

**(၄) ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း အရေးပေါ်ကိစ္စရပ်များအတွက် မြို့နယ် ဆေးရုံ သို့သွားရောက်ရန်လိုအပ်သည့်အခါပွင့်လင်းရာသီ၌အဆင်ပြေချောမွေ့သော်လည်း မိုးရာသီ တွင်ရွာခြင်းဆက်လမ်းများ ဆိုးဝါးသောကြောင့် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အခက်အခဲ ကြုံတွေ့ရပါသည်။

**(၆)ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**

ကျွန်ုပ်တို့အုန်းပင်စုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့်လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်း ဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်း ဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေးအကောင်အထည်ဖော်မည့် နည်းဗျူဟာများကို ဆွေးနွေး ဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦး ချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း(၂၀၂၄ခုနှစ် မှ ၂၀၂၈ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီးလူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်းအား တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကိုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီး ပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက် ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများ ကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေး ရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်သွေးကောင်းပြီးဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေး နည်းပညာများ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၂) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးရန် ဈေးကွက် ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်း အကောင်အထည်ဖော်ရန် ၊ ဒေသ ထွက်ကုန်များဈေးနှုန်းပိုမိုရရှိရန်ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေလိုအပ်နေမှုလက်လှမ်းမှီရန်လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းတွင် လက်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစား လုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေး ပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းအပြင် စိုက်ပျိုးရေး ၊ မွေးမြူရေး ထုတ်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၄) ကျေးရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုအား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၅) ကျေးရွာတွင် အိမ်တိုင်းနီးပါးလျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများ နှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့သည့် အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန်အကူအညီများ ဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

### (ခ)စိုက်ပျိုးမြေများကိုထိရောက်စွာအသုံးချနိုင်ရေး

အုန်းပင်စုကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်သောကြောင့် မိမိတို့၏ လယ်/ယာမြေများ မြေဩဇာကောင်းမွန်ရန် အထူးလိုအပ်ပေသည်။ စိုက်ပျိုးရာသီ၌ အချိန်အခါမှီ ပြီးစီးနိုင်ရေးအတွက် ခေတ်မှီသော နည်းပညာများနှင့်စက်ကိရိယာများသည် အထူးလိုအပ်ပေသည်။ ရိပ်သိမ်းရာသီ၌ သီးနှံများအရည်အသွေးပြည့်ဝကောင်းမွန်ရေး၊ ရရှိလာသောသီးနှံများအား သယ်ယူပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ မျှော်မှန်းထားသည့်အမြတ်အစွန်းများ ရရှိနိုင်ပေမည်။

### (ဂ)ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

အုန်းပင်စုကျေးရွာ၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာတွင် ချေးငွေထုတ်ချေးပေးနေသော

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးနှင့်သီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာဦးစားပေး ဆောင်ရွက်နေသောကြောင့် အခြားစီးပွားရေးလုပ်ကိုင်လိုသူများအတွက် လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည် ချေးငွေထုတ်ပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။

**(ဃ)ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကို ရောင်းချမည့်အစား အရည်အသွေးမြင့်သော တန်ဖိုးမြင့်ထုတ်ကုန်အချောများထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ဆောင်ရွက်ပေးခြင်း ကလည်းကျေးရွာရှိ လူသားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းတစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ မိသား စုများပေါ်စည်းနေထိုင်လုပ်ကိုင်လာနိုင်ခြင်း စသည်ဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းစေရေးကိုအထောက်အကူပြုနိုင်ပေသည်။

**(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့်နည်းဗျူဟာများအဖြစ် သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန် ချိန်တွင်ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များ အဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

**(က) နှစ်ပတ်လည်ကျေးရွာစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ကျေးရွာလူထု သည်စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလ အတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တ ရာယ်သက်ရောက်မှုများ မရှိခဲ့လျှင်(၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှု ရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်းထပ်တိုးစီမံကိန်းများရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေး ချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့်အစိုး ရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ကျွန်ုပ်တို့(၅)နှစ် တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်အုပ်စုခွဲခြားခြင်း**

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိ နားလည်ရန်အထောက်အကူပြုပါသည်။ (Economic classification) သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင်
(ဥပမာ-စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)
(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂)ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economicclassification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြုပ်နှံမှုဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Buliding Expenditure) ဥပမာ–ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များပေါ်ထွက်လာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ(၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးရပါမည်။အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ ကျေးရွာတွင်းကွန်ကရိလမ်းခင်းရန် | ၅၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း<br>• မြေနေရာရရှိရေးစည်းလုံးဆာင်ရွက်ခြင်း<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန်<br>• အခက်အခဲမရှိခြင်း<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| **အခြေခံ အဆောက်အဦ** | ၂။ ကျေးရွာတွင်းကွန်ကရိလမ်းခင်းရန် | ၄၈ | ၂ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း<br>• မြေနေရာရရှိရေးစည်းလုံးဆောင်ရွက်ခြင်း<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန်အခက်အခဲမရှိခြင်း<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း<br>• ကျေးရွာစည်းလုံးခြင်းနှင့်လုပ်အားအပါအဝင်ဆောင်ရွက်နိုင်ခြင်း | |

| | | | | | |
|---|---|---|---|---|---|
| **အခြေခံ အဆောက်အဦ** | ၃။ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၄၅ | ၃ | • မဟာဓာတ်အားလိုင်းနှင့်အနီးတွင်ရှိခြင်း<br>• ရန်ပုံငွေနှင့်အခြား အထောက်အပံ့များ ရရှိအောင်သက်ဆိုင်ရာ ဦးစီးဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာမှ လျှပ်စစ်မီးရရှိရန်စိတ်အား ထက်သန်သဖြင့် ပြည်သူထည့်ဝင်ငွေ စုဆောင်းနိုင်ခြင်း | |
| *ရေရရှိရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၄။ သန့်ရှင်းသော သောက်သုံးရေ ရှိရေး၊ စက်ရေတွင်းတူးဖော်ခြင်း | ၄၄ | ၄ | • မြေနေရာရရှိရေးစည်းလုံးဆွေးနွေးခြင်း<br>• ရန်ပုံငွေနှင့် အခြားအထောက်အပံ့များ ရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | |
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| ***အခြေခံ အဆောက်အဦ*** | ၅။ ဓမ္မာရုံဆောက်လုပ်ခြင်း | ၃၅ | ၈ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း<br>• မြေနေရာရရှိရေးစည်းလုံးဆောင်ရွက်ခြင်း<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့် လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း | |

**(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကိုကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းကွန်ကရိလမ်းခင်းရန် | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်းကွန်ကရိလမ်းခင်းရန် | ၂ | | ✔ | | | |
| ၃။ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၃ | | | ✔ | | |
| ၄။ | ပေ(၄၀၀)ရေသန့်တွင်းတူးဖော်ခြင်း | ၄ | | | | ✔ | |
| ၅။ | ဓမ္မာရုံဆောက်လုပ်ခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကိုပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများ နှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး

ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသောရည်ညွှန်းပမာဏဘတ်ဂျက်တွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သာထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်း ကွန်ကရိလမ်းခင်းရန် | ၁၅၀ | | ✔ | | |
| ၂။ | ကျေးရွာတွင်း ကွန်ကရိလမ်းခင်းရန် | | | | | |
| ၃။ | လျှပ်စစ်မီးသွယ်တန်းခြင်း | | | | | |
| ၄။ | ပေ(၄၀၀)ရေသန့်တွင်းတူးဖော်ခြင်း | | | | | |
| ၅။ | ဓမ္မာရုံဆောက်လုပ်ခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော် မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်း ကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦး ဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေ ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ် ပါသည်။ ဥပမာ– မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်တကယ်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ

- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများ တွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

အုန်းပင်စုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသေနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက် အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံ ခြင်း၊ စေတနာအလှောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်ပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ ကော်မတီအဖွဲ့ အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

## (၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

အုန်းပင်စုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီး ကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်း လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

